**ဦးသောင်းရွှေ(နတ်မောက်မြို့နယ် မဲဆန္ဒနယ်အမှတ် - ၁ )။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ အားလုံး မင်္ဂလာပါဟု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နတ်မောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် နတ်မောက်မြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ မြို့မရဲစခန်း၊ စိုင်ကောင်းနယ်ရဲစခန်း၊ ရွှေပန်းတော နယ်မြေရဲစခန်း၊ အင်းကန်ရဲကင်း စခန်းများအတွင်းရှိ ဝန်ထမ်းအိမ်ရာများအား ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်ပြန်လည်တည်ဆောက်ပေးနိုင် ခြင်းရှိ/မရှိ သိရှိလို၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နတ်မောက်မြို့နယ်တွင် တရားဥပဒေ စိုးမိုး ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းသာယာရေး၊ လူနေမှုဘဝ လုံခြုံစိတ်ချစေရေးအတွက် မြို့ပေါ်တွင် မြို့မ ရဲစခန်းနယ်မြေများတွင် စိုင်ကောင်းနယ်မြေရဲစခန်း၊ ရွှေပန်းတောနယ်မြေရဲစခန်း၊ အင်းကန်ရဲကင်းစခန်း များ တည်ဆောက်ပြီး ရဲတပ်ဖွဲ့ဝင်အင်အား (၁၀၀)ကျော်ဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရဲတပ်ဖွဲ့ဝင်များသည် နေ့ညမပြတ် တိုင်းပြည် တာဝန်များကို ထမ်းဆောင်နေကြပါသော်လည်း ပြည်သူလူထု၏ အသက်စည်းစိမ်အိုးအိမ်များကို ကာကွယ် စောင့်ရှောက်နေကြပါသော်လည်း ၎င်းတို့နေထိုင်ရပါသော ဝန်ထမ်းအိမ်ရာများမှာ လွန်စွာပင် ဆိုးဝါးနိမ့်ကျ ပျက်စီးယိုယွင်းနေပြီး နိုင်ငံ့ဝန်ထမ်းတစ်ယောက်၏ ဂုဏ်သိက္ခာနှင့်အညီ နေထိုင်ခွင့်ကို ယနေ့အခါမှာ မရ ရှိကြသေးသည်ကို ကျွန်တော်ကိုယ်တိုင် ကွင်းဆင်းကြည့်ရှုခဲ့ရာမှာ မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရပါတယ်။ တွေ့မြင်ခဲ့ရသော အခြေအနေများကို ဖော်ပြရသော် လုံးဝ လူနေထိုင်ရန် မသင့်သော အိမ်ရာများမှာ -

(၁) မြို့မရဲစခန်းတွင် (၂)ယူနစ်လုံးချင်းလိုင်းအမှတ်(၁၉)၊ (၄)ယူနစ် တန်းလျားလိုင်း အမှတ်(၂၀)၊

(၂) စိုင်ကောင်းနယ်မြေစခန်းတွင် (၄)ယူနစ် တန်းလျား(၂)လုံး၊ လိုင်းအမှတ်(၆)နှင့် လိုင်း အမှတ်(၈)၊

(၃) ရွှေပန်းတောနယ်မြေရဲစခန်းတွင် (၄)ယူနစ် တန်းလျား(၁)လုံး၊ လိုင်းအမှတ်(၆)။

မိုးသီးထန်စွာရွာသွန်းခဲ့မှုကြောင့် ပြိုကျပျက်စီးသွားခဲ့သော အိမ်ရာများမှာ -

(၁) မြို့မစခန်းတွင် (၁)ယူနစ်လုံးချင်းလိုင်းအမှတ်(၁၂)၊ လိုင်းအမှတ်(၁၃)၊

(၂) ရွှေပန်းတောနယ်မြေရဲစခန်းတွင် (၄)ယူနစ် တန်းလျား(၂)လုံး၊ လိုင်းအမှတ်(၇)နှင့် လိုင်းအမှတ်(၉)၊

(၃) အင်းကန်ရဲကင်းစခန်းတွင် (၂)ယူနစ် လုံးချင်းတစ်ထပ်၊ လိုင်းအမှတ်(၃)တို့ဖြစ်ကြပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာမြင့်မားစေရေး၊ ရဲတပ်ဖွဲ့ဝင်များ၏ စိတ်ဓါတ်ကြံ့ခိုင် ရေး၊ ပြည်သူများ၏ ယုံကြည်အားကိုးမှုရရှိစေရေးတို့အတွက် အထက်ဖော်ပြပါ ဝန်ထမ်း အိမ်ရာများအား အမြန်ဆုံး ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဗိုလ်မှူးကြီး မင်းဦး ( ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန )။** ။

၁။ နတ်မောက်မြို့မရဲစခန်း၏ ဖွဲ့စည်းပုံမှာ အရာရှိ(၁၂)ဦး၊ အခြားအဆင့်(၆၉)ဦး၊ စုစုပေါင်း(၈၁)ဦး ဖြစ်သော်လည်း လက်ရှိအင်အားမှာ အရာရှိ(၉)ဦး၊ အခြားအဆင့်(၅၃)ဦး၊ စုစုပေါင်း(၆၂)ဦးဖြစ်ပြီး ဝန်ထမ်း အိမ်ရာမှာ (၁)ယူနစ် လိုင်းခန်း(၁၁)လုံး၊ ( ၂ )ယူနစ် လိုင်းခန်း(၆)လုံး၊ (၄)ယူနစ် လိုင်းခန်း(၄)လုံး၊ စုစုပေါင်း ( ၂၁ )လုံးရှိပါသည်။ ယခုအချိန်တွင် ( ၂ )ယူနစ် လိုင်းခန်း (၁)လုံးနှင့် (၄)ယူနစ် လိုင်းခန်း (၁) လုံးတို့မှာ လုံးဝလူ နေထိုင်ရန် မသင့်သော အိမ်ရာများဖြစ်နေပြီး (၁)ယူနစ် လိုင်းခန်း( ၂ )လုံးမှာ မိုးရွာ သွန်းမှုကြောင့် ပြိုကျပျက်စီးသွားသဖြင့် လက်ရှိတွင် (၁)ယူနစ် လိုင်းခန်း (၉)လုံး၊ ( ၂ )ယူနစ် လိုင်းခန်း (၅)လုံး၊ (၄)ယူနစ် လိုင်းခန်း (၃)လုံး စုစုပေါင်း (၁၇)လုံးသာ ကျန်ရှိပါသည်။

၂။ စိုင်ကောင်းနယ်မြေရဲစခန်း၏ဖွဲ့စည်းပုံမှာ အရာရှိ(၈)ဦး၊ အခြားအဆင့်(၃၇)ဦး၊ ပေါင်း(၄၅) ဦး ဖြစ်သော်လည်း လက်ရှိအင်အားမှာ အရာရှိ( ၂ )ဦး၊ အခြားအဆင့်(၁၃) ဦး၊ စုစုပေါင်း(၁၅)ဦးဖြစ်ပြီး ဝန်ထမ်းအိမ်ရာမှာ (၁)ယူနစ် လိုင်းခန်း ( ၂ )လုံးနှင့်၊ (၄)ယူနစ် လိုင်းခန်း (၅)လုံးရှိခဲ့ရာမှ (၄)ယူနစ် လိုင်းခန်း( ၂ )လုံးမှာ လူနေထိုင်ရန် မသင့်သော နေအိမ်များဖြစ်ပြီး မိုးရွာသွန်းမှုကြောင့် (၄)ယူနစ် လိုင်းခန်း( ၂ )လုံး ပြိုကျပျက်စီးသွားခဲ့၍ (၁)ယူနစ် လိုင်းခန်း( ၂ )လုံးနှင့် (၄)ယူနစ် လိုင်းခန်း (၁)လုံး စုစုပေါင်း(၃)လုံးသာ ကျန်ရှိပါသည်။

၃။ ရွှေပန်းတောနယ်မြေရဲစခန်း၏ဖွဲ့စည်းပုံမှာ အရာရှိ(၈)ဦး၊ အခြားအဆင့်(၃၇)ဦး၊ စုစုပေါင်း (၄၅) ဦး ဖြစ်သော်လည်း လက်ရှိအင်အားမှာ အရာရှိ( ၂ )ဦး၊ အခြားအဆင့် (၁၁)ဦး၊ စုစုပေါင်း (၁၃)ဦးဖြစ်ပြီး ဝန်ထမ်းအိမ်ရာမှာ (၁)ယူနစ် လိုင်းခန်း ( ၂ )လုံးနှင့် (၄)ယူနစ် လိုင်းခန်း (၆)လုံးရှိခဲ့ရာမှ (၄)ယူနစ် လိုင်းခန်း(၁)လုံးမှာ လူနေထိုင်ရန် မသင့်သော နေအိမ်ဖြစ်ပြီး (၁)ယူနစ် လိုင်းခန်း ( ၂ )လုံးနှင့် (၄)ယူနစ် လိုင်းခန်း(၅)လုံး စုစုပေါင်း(၇)လုံးသာ ကျန်ရှိပါသည်။

၄။ အင်းကန်ရဲကင်းစခန်း၏ဖွဲ့စည်းပုံမှာ အရာရှိ(၁)ဦး၊ အခြားအဆင့်(၁၇)ဦး၊ စုစုပေါင်း (၁၈)ဦး ဖြစ်သော်လည်း လက်ရှိအင်အားမှာ အရာရှိ(၁)ဦး၊ အခြားအဆင့် (၇)ဦး၊ စုစုပေါင်း(၈)ဦးဖြစ်ပြီး ဝန်ထမ်း အိမ်ရာမှာ ( ၂ )ယူနစ် လိုင်းခန်း ( ၂ )လုံး၊ (၄)ယူနစ် လိုင်းခန်း (၁)လုံး၊ စုစုပေါင်း(၃)လုံးရှိရာမှ ( ၂ ) ယူနစ် လိုင်းခန်း (၁)လုံးမှာ မိုးရွာသွန်းမှုကြောင့် ပြိုကျပျက်စီးသွားသဖြင့် ( ၂ )ယူနစ် လိုင်းခန်း (၁)လုံးနှင့် (၄) ယူနစ် လိုင်းခန်း (၁)လုံး စုစုပေါင်း( ၂ )လုံးသာ ကျန်ရှိပါသည်။

၅။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ (၁၀.၇.၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၁၈၅၂(၀၃)/ ၉၀၇/ ထောက် ၃ ဖြင့် တိုင်းဒေသကြီး/ပြည်နယ်၊ လုံခြုံရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့နှင့် ကျောင်းများတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(မူလ)အသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်လိုသည့် အဆောက် အဦများစာရင်းအား ထည့်သွင်းလျာထားနိုင်ရေးအတွက် စာရင်းပြုစုတင်ပြရန် ညွှန်ကြားလာသောကြောင့် မကွေးတိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ ( ၂၀.၇.၂၀၁၇ )ရက်စွဲပါစာအမှတ်၊ ၁၈၅၂(၀၂)/ ၉၀၇/ ထောက် ၃ ဖြင့် နတ်မောက်မြို့မရဲစခန်းတွင် (၆)ခန်းတွဲ နှစ်ထပ်(၃)လုံး၊ (၄)ခန်းတွဲ တစ်ထပ်(၁)လုံး တို့အား ဆောက်လုပ် လိုသည့် အဆောက်အဦများ စာရင်းပေးပို့ တင်ပြထားရှိပြီး ဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရုံး၊ ရဲစခန်း၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ သင်တန်းကျောင်းများ၌ ယခင် ဆောက်လုပ်ခဲ့သည့် အဆောက်အဦများမှာ နှစ်ကာလကြာမြင့်သဖြင့် ဟောင်းနွမ်းဆွေးမြည့်ပြီး ဖြစ်၍ အစားထိုး ဆောက်လုပ်ရန်နှင့် တိုးချဲ့ဖွဲ့စည်းလာသည့် တပ်ဖွဲ့ဝင်များအတွက် လိုအပ်သော အဆောက်အဦ သစ်များ ဆောက်လုပ်ရန် လိုအပ်ချက်များအပေါ် ဦးစားပေး အစီအစဉ်အလိုက် ဆောက်လုပ်နိုင်ရေး အတွက် နှစ်စဉ်ဘဏ္ဍာငွေ တင်ပြတောင်းခံခဲ့သော်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေအခြေအနေအရ တောင်းခံ တင်ပြမှုအပေါ် စိစစ်ခွင့်ပြုသဖြင့် ခွင့်ပြုရန်ပုံငွေ ရရှိမှုအပေါ်မူတည်ပြီး ဦးစားပေး အစီအစဉ်များ သတ်မှတ် ၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၇။ သို့ဖြစ်ပါ၍ နတ်မောက်မြို့နယ်အတွင်းရှိ မြို့မရဲစခန်း၊ စိုင်ကောင်းနယ်မြေရဲစခန်း၊ ရွှေပန်းတော နယ်မြေရဲစခန်း၊ အင်းကန်ရဲကင်းစခန်းများအတွင်းရှိ ဝန်ထမ်းအိမ်ရာများအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(မူလ) အသုံးစရိတ်တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ခွင့်ပြုပါက ဆောက်လုပ်ပေးသွား မည်ဖြစ်ပါကြောင်းနှင့် ပြုပြင်ထိန်းသိမ်းဆောက်လုပ်ရန် လိုအပ်သော အဆောက်အဦများအား တိုင်းဒေသ ကြီးအစိုးရအဖွဲ့၏ ကူညီထောက်ပံ့ငွေဖြင့် ပြင်ဆင်ဆောက်လုပ်ခွင့်ရရှိရေး တင်ပြတောင်းခံဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်ကို(မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်-၂)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဆုတောင်း

မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကို ဖြစ်ပါတယ်။ ကျွန်တော်အနေနှင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုတာကတော့ ရေလုပ်သားများအချင်းချင်း မညီမညွတ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ငါးဖမ်း တင်ဒါစနစ်အား ဖျက်သိမ်းပေးစေလိုတဲ့ အတွက် မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မင်းလှမြို့နယ်ဟာ ဧရာဝတီမြစ်အနောက်ကမ်းတွင် တည်ရှိပြီး အရှေ့ဘက်ကမ်းတွင် မကွေးမြို့နယ်တည်ရှိပါတယ်။ သမိုင်းဝင် မင်းလှခံတပ်ကြီးနှင့် မကွေးမြို့နယ်မှ ငွေ့ချောင်းခံတပ်တို့ဟာ ဧရာဝတီမြစ်ရဲ့ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းမျက်စောင်းသဏ္ဍာန်တည်ရှိနေပါတယ်။ မင်းလှဘက်မှ မင်းလှခံတပ်တည်ရှိပြီး ခံတပ်၏အောက်ဘက်နားတွင် တောင်ရပ်ကွက်တည်ရှိပြီး ငါးဖမ်း လုပ်ငန်းရေလုပ်သားများ နေထိုင်ကြပါတယ်။ မကွေးဘက်မှ ငွေ့ချောင်းခံတပ်တည်ရှိပြီး ခံတပ်အထက် နားတွင် ငွေ့ချောင်းရွာတည်ရှိပြီး တောင်သူလုပ်ငန်းနှင့်အတူ ငါးဖမ်းလုပ်သားများနေထိုင်ကြပါတယ်။ ခံတပ်ကြီး(၂)ခုမှာ မျက်စောင်းထိုးသဏ္ဍာန်တည်ရှိနေသည့်အတွက် အရှေ့ဘက်ကမ်းမှ ငွေ့ချောင်းရွာနှင့် အနောက်ဘက် ကမ်းမှတောင်ရပ်ကွက်တို့ဟာ မျက်နှာချင်းဆိုင်တည်ရှိနေပါတယ်။ ယင်းရွာ(၂)ရွာရှိ ငါးဖမ်း ရေလုပ်သားများဟာ နှစ်ရွာကြားရှိ ဧရာဝတီမြစ်ကို အမှီသဟဲပြုပြီး ငါးဖမ်းကိရိယာလိုင်စင်များရယူပြီး ငါးဖမ်းလုပ်ငန်းအား တစ်ရွာနှင့်တစ်ရွာ ညီညီညွတ်ညွတ်လုပ်ကိုင်လာခဲ့ကြသည်မှာ ဟိုးရှေးယခင်ကပင် ဖြစ်ပါတယ်။

၂၀၀၇-၂၀၀၈ ခုနှစ်တွင် ငါးဖမ်းပိုက်ချကြရာမှာ စကားများခဲ့ကြပြီး တစ်ရွာနှင့်တစ်ရွာ မညီညွတ်မှု များမှာ မြို့နယ်၊ ခရိုင်၊ တိုင်းတို့မှ ဆင်းလာပြီး ညှိနှိုင်းဆောင်ရွက်မှုကို ဆောင်ရွက်ပေးခဲ့ရကြောင်း သိရှိရပါ တယ်။ သို့သော်လည်း ညှိနှိုင်းမရဖြစ်သည့်အတွက် နှစ်ရွာကြား ဧရာဝတီမြစ်(ဘုံငါးဖမ်းကွက်)အား (၁.၃.၂၀၀၉)ခုနှစ်မှ စတင်ပြီး (စမ်းသပ်တင်ဒါစနစ်)ဖြင့် ဆောင်ရွက်လုပ်ကိုင်စေခဲ့ပြီး ယခုဆိုလျှင်(၉)နှစ် ကျော်ရှိပြီဖြစ်ပါတယ်။ တင်ဒါနှုန်းများမှာလည်း စတင်သည့်နှစ်က (၃၂၀၀၀၀ိ/-) ဖြစ်ခဲ့သော်လည်း (၁၀) ရာခိုင်နှုန်းထပ်ဆောင်း တင်ဒါချပေးမှုကြောင့် ယခုဆိုလျှင် တစ်နှစ်(၄)သိန်းကျော်ပေးဆောင်နေရကြောင်း သိရှိရပါတယ်။ ၂၀၀၇ - ၂၀၀၈ ခုနှစ် အချင်းများခဲ့ကြပြီး မညီညွတ်မှု၏ အကျိုးဆက်ကြောင့် ငါးဖမ်း လုပ်သားများမှ ငါးဖမ်းကိရိယာလိုင်စင်ကြေးများသာမက တင်ဒါစနစ်အရ တင်ဒါကြေးပါကျသင့်နေသည့် အတွက် ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူနှင့် တွေ့ဆုံပွဲများတွင် နှစ်ရွာရှိရေလုပ်သားများမှာ ၂၀၁၀ ခုနှစ်မှစပြီး ညီညီညွတ်ညွတ်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရှိရပါတယ်။ သို့သော် စမ်းသပ်တင်ဒါစနစ်မှာ ပျက်ပယ်သွားခြင်း မရှိသေးပါ။ လက်ရှိသမ္မတကြီး၏ မူဝါဒလမ်းညွှန်မှုတွင်လည်း ပြည်သူလူထု လူမှု့ အကျိုးစီးပွား မြှင့်တင်ရေးဆိုတဲ့ အချက်ပါရှိပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရေလုပ်သားဆိုသည်မှာ ဆင်းရဲချို့တဲ့သူများဖြစ်ပါတယ်။ ငါးဖမ်းလိုင်စင်ကြေးသာမက စမ်းသပ်တင်ဒါကြေးများပါ ပေးဆောင်နေရ ခြင်းမှာ ပြည်သူလူထုလူမှု အကျိုးစီးပွားဖွံ့ဖြိုးရေးအတွက် အဟန့်အတားတစ်ခုဖြစ်နေကြောင်း တွေ့ရှိရပါ တယ်။ ငွေ့ချောင်းကျေးရွာနှင့် ရေလုပ်သားများမှာလည်း ညီညွတ်နေကြသည်မှာ (၁၀)နှစ်ခန့်ရှိပြီ ဖြစ်ပါ တယ်။ သို့ပါ၍ မညီညွတ်မှုအရ ဖြစ်ပေါ်လာခဲ့သော စမ်းသပ်တင်ဒါစနစ်ကို အမြန်ဆုံး ဖျက်သိမ်းပေးသင့် ပါကြောင်းနှင့် ဖျက်သိမ်းပေးနိုင်မှုရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အစိုးရအဖွဲ့သို့ ရေလုပ်သား ပြည်သူများကိုယ်စား လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန )။ ။**

၁။ မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနသည် ငါးလုပ်ငန်းရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်စေပြီး ငါးရိက္ခာဖူလုံစေရန်၊ ငါးလုပ်ငန်းကို အခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဘဝမြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် မျှော်မှန်းချက်ထား၍ တိုင်းဒေသကြီးအတွင်း ရေချိုငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးမျိုးပြုန်းတီးမှုကို ကာကွယ် တားဆီးရန်၊ ရေချိုငါးလုပ်ငန်း

ရေပြင်များ ပျက်စီးခြင်းမှကာကွယ်ရန်၊ တိုင်းဒေသကြီးမှ ရသင့်ရထိုက် သော အခွန်အခများ အပြည့်အဝ ရရှိစေရန်၊ ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူ ဆောင်ရွက်ခြင်းပြုနိုင်စေရန်အတွက် မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ၊ နည်းဥပဒေတို့နှင့် အညီ ငါးလုပ်ငန်းများကို စီမံကြီးကြပ် ဆောင်ရွက်နေပါသည်။

၂။ မကွေးတိုင်းဒေသကြီးအတွင်း ငါးရိက္ခာများကို ငါးမွေးမြူခြင်းလုပ်ငန်းနှင့် မြစ်၊ ချောင်းအင်းအိုင်နှင့် ဆည်ရေလှောင်တမံများတွင် ငါးဖမ်းဆီးထုတ်လုပ်ခြင်းလုပ်ငန်းများမှ ထုတ်လုပ်ရရှိပါသည်။ ငါးဖမ်းဆီး ထုတ်လုပ်ခြင်းကို ဂရန်အင်းများနှင့် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်များဖြစ်သည့် မြစ်ချောင်း၊ အင်းအိုင်များတွင် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်တို့ဖြင့် ငါးဖမ်းဆီး လုပ်ကိုင်ခွင့်အား သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရပါသည်။

၃။ မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)တွင် လိုင်စင်ဖြင့် လုပ်ကိုင် ခွင့်ပြုသော ငါးလုပ်ငန်း ရေပြင်ဆိုသည်မှာ မကွေးတိုင်းဒေသကြီး ငါး လုပ်ငန်းဦးစီးဌာနက ဂရန်အင်း၊ သီးသန့်အင်းဟု သတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်း ကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက် သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊ အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုလိုသည်ဟု သတ်မှတ်ပြဋ္ဌာန်းထားပါ သည်။

၄။ ငါးလုပ်ငန်းဦးစီးဌာနသည် မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေနှင့်အညီ ငါးဖမ်းဆီးခွင့် လိုင်စင်များ ထုတ်ပေးရာ၌ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်များတွင် ရေလုပ်သားများ ကိုင်ဆောင်အသုံးပြုသည့် ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် သတ်မှတ်လိုင်စင်ခွန်များ ပေးဆောင်စေ၍ ကနဦး ခွင့်ပြုပေးပါသည်။ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေပြင်များတွင် ရေစီးရေလာ ပြောင်းလဲမှု ကြောင့် ငါးများခိုအောင်း သွားလာနိုင်သည့်နေရာများ ပေါ်ထွန်းလာပြီး ငါး ပိုမိုဖမ်းဆီးရရှိလာလျှင် ငါးဖမ်း ကိရိယာလိုင်စင်ဖြင့် ငါးဖမ်းဆီးသူများ အလုအယက် စည်းမဲ့ကမ်းမဲ့ ဖမ်းဆီးလာကြခြင်း၊ လုပ်ကွက်နေရာ အငြင်းပွားလာကြခြင်း၊ ငါးဖမ်းလုပ်ကွက်နေရာ သတ်မှတ်ချက်ဖြင့် ငါးဖမ်းဆီးခွင့်ပြုရန် တင်ပြလာကြခြင်း များ ဖြစ်ပေါ်လာလျှင် ငါးလုပ်ငန်းဦးစီးဌာနသည် ငါးဖမ်းလုပ်ကွက် ဧရိယာနယ်နိမိတ်များ သတ်မှတ် ဖော်ပြ၍ တင်ဒါစနစ်ဖြင့် ငါးဖမ်းလုပ်ကွက်တင်ဒါလိုင်စင်ကို ခွင့်ပြုပေးရပါသည်။

၅။ ၂၀၀၇ - ၂၀၀၈ ခုနှစ်တွင် ရေစီးရေလာပြောင်းလဲ ကောင်းမွန်လာမှုကြောင့် မကွေးမြို့နယ်၊ ငွေ့ချောင်း ကျေးရွာနှင့် မင်းလှမြို့နယ်၊ အမှတ်(၃)ရပ်ကွက် ကြားရှိ ဧရာဝတီမြစ်ရိုး၌ ငါးအထိအမိ ကောင်းမွန်လာပြီး ငါးဖမ်းလုပ်ငန်း ဆောင်ရွက်ကြရာတွင် မကွေးမြို့နယ်ရှိ ငွေ့ချောင်းကျေးရွာ ရေလုပ်သားများနှင့် မင်းလှ မြို့နယ်ရှိ အမှတ်(၃)ရပ်ကွက် ရေလုပ်သားများအကြား အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့သဖြင့် ငါးလုပ်ငန်း ဦးစီးဌာနနှင့် သက်ဆိုင်ရာ မြို့နယ်/ခရိုင်အုပ်ချုပ်ရေး အဖွဲ့အစည်းများမှ နှစ်စဉ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ ရပါသည်။ ငါးလုပ်ငန်းဦးစီးဌာနသည် ဒေသခံရေလုပ်သားများအကြား အငြင်းပွားမှု ဆက်လက်ဖြစ်ပေါ် ခြင်းမရှိစေရန်နှင့် ဥပဒေနှင့်အညီ ညီညွတ်မျှတစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မကွေးမြို့နယ်တွင် ငွေ့ချောင်းတင်ဒါ ပိုက်ချက်၊ မင်းလှမြို့နယ်တွင် မင်းလှတင်ဒါပိုက်ချက်ဟူ၍ တင်ဒါငါးဖမ်းပိုက်ကွက်များ ကို ဧရိယာ နယ်နိမိတ်များသတ်မှတ်၍ ၂၀၀၉ - ၂၀၁၀ ခုနှစ်မှ စတင်ပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချ ၍ တင်ဒါလိုင်စင်ဖြင့် ငါးဖမ်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

၆။ ထိုသို့ တင်ဒါငါးဖမ်းကွက် ဖော်ထုတ်ရောင်းချဆောင်ရွက်ခဲ့ရာ စတင်ဖော်ထုတ်ချိန် ၂၀၀၉ ခုနှစ်မှ ၂၀၁၇ - ၂၀၁၈ ခုနှစ်ထိ မင်းလှမြို့၊ အမှတ်(၃)ရပ်ကွက် ရေလုပ်သားအဖွဲ့မှ ဆွဲဝယ်ခဲ့ပြီး အမှတ်(၃) ရေလုပ်သားများသည် တင်ဒါပိုက်ချက်အတွင်း မျှောပိုက်ဖြင့် ငါးဖမ်းဆောင်ရွက်ကြပြီး မကွေးမြို့နယ်မှ ငွေ့ချောင်းကျေးရွာ ရေလုပ်သားများသည် တင်ဒါပိုက်ချက်အတွင်း ဝဲတန်းပိုက်ဖြင့် ငါးဖမ်းလုပ်ကိုင် ဆောင်ရွက်လာကြရာ ယခုအချိန်ထိ အငြင်းပွားမှု ထပ်မံဖြစ်ပွားခြင်းမရှိခဲ့သလို တင်ဒါပိုက်ချက်များ မဖော် ထုတ်မီက ကိရိယာလိုင်စင်ခွန် (၃၁၇၅၀/-

)ကျပ်သာ ရရှိခဲ့ပြီး တင်ဒါပိုက်ချက်များ ဖော်ထုတ်ပြီး နောက် တင်ဒါခွန် (၃၂၀၀၀၀/-)ကျပ် ပိုမိုရရှိခဲ့သဖြင့် တိုင်းဒေသကြီးအတွက် အခွန်ငွေ တိုးတက်ရရှိစေခဲ့ပါသည်။ မင်းလှမြို့၊ အမှတ်(၃)ရပ်ကွက်၊ ရေလုပ်သားအဖွဲ့တွင် ရေလုပ်သား (၅၀)ဦးခန့်ရှိသဖြင့် တိုင်းဒေသကြီးသို့ ပေးဆောင်ရသည့် တင်ဒါခွန်ငွေ (၆၀၀၀/-) (၆၅၀၀/-)ကျပ်ခန့်သာ ပေးဆောင်ရပြီး (၁)နှစ်ပတ်လုံး ငါးဖမ်း လုပ်ငန်း ဆောင်ရွက်ခွင့်ရကြသဖြင့် ရေလုပ်သားများအား ဝန်ထုပ်ဝန်ပိုးမဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၇။ လိုင်စင်ဖြင့် ခွင့်ပြုသည့် ငါးလုပ်ငန်းရေပြင်များတွင် ငါးဖမ်းလုပ်ကိုင်ခွင့်များကို တင်ဒါငါးဖမ်းကွက် များ သတ်မှတ်ပြီး တင်ဒါလိုင်စင်ဖြင့် ခွင့်ပြုပေးခြင်းဖြင့် အောက်ဖော်ပြပါ ရလာဒ်ကောင်းများကို တွေ့ရှိနိုင် မည်ဖြစ်ပါသည်-

(က) ငါးဖမ်းလုပ်ကွက် ဧရိယာသတ်မှတ်ထားရှိသဖြင့် ငါးဖမ်းလုပ်ကွက်နေရာ အငြင်းပွားမှု မရှိ တော့ခြင်း၊

(ခ) သတ်မှတ်ဧရိယာအတွင်း တင်ဒါလိုင်စင်ရရှိသူများသာ လုပ်ကိုင်ခွင့်ရှိသဖြင့် စည်းမဲ့ကမ်းမဲ့ အလွန်အကျွံ ငါးဖမ်းမှုများမရှိတော့၍ ငါးသယံဇာတ ထိန်းသိမ်းရေးကို အထောက်အကူပြု ခြင်း၊

(ဂ) ရေလုပ်သားအစုအဖွဲ့ဖွဲ့စည်း၍ တင်ဒါလိုင်စင်ရယူ လုပ်ကိုင်နိုင်သဖြင့် ငွေကြေး ဓနအင်အား ဖြင့် ဆွဲဝယ်သူများထံ အခကြေးငွေပေးဆောင်၍ လုပ်ကိုင်ရခြင်းမှ ကင်းလွတ်နိုင်ခြင်း၊

(ဃ) ရေလုပ်သားအစုအဖွဲ့များသည် မိမိတို့တင်ဒါလိုင်စင်ရရှိသည့် ငါးဖမ်းကွက်ဧရိယာအတွင်း ငါးဖမ်းလုပ်ငန်းများကို ရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ ကိုယ်တိုင်စီမံခန့်ခွဲလုပ်ကိုင်နိုင် ကြခြင်း၊

(င) ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့်လည်း ရေချိုငါးလုပ်ငန်း ဥပဒေနှင့်အညီ ငါးလုပ်ငန်းစီမံခန့်ခွဲ ခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းများကို လွယ်ကူစွာ ဆောင်ရွက်နိုင်ကြခြင်း၊

(စ) ရေချိုငါးလုပ်ငန်းရေပြင်များမှ ရသင့်ရထိုက်သော အခွန်အခများ ပိုမို ရရှိစေခြင်း၊

၈။ အဆိုပါ တင်ဒါပိုက်ချက် နှစ်ခုအား တင်ဒါငါးဖမ်းကွက်အဖြစ်မှ ပယ်ဖျက်၍ ငါးဖမ်းကိရိယာ လိုင်စင်ဖြင့် ပြောင်းလဲလုပ်ကိုင်ခွင့် ပြုမည်ဆိုပါက အထက်ပိုဒ်(၈)ပါ အကျိုးရလာဒ်များနှင့် ဆန့်ကျင်သော ရလာဒ် များဖြစ်ပေါ်စေနိုင်မည့်အပြင် အောက်ပါအခြေအနေများလည်း ဆက်လက်ဖြစ်ပေါ်လာနိုင်ပါသည်-

(က) ဘုံငါးဖမ်းကွက်အတွင်း ငါးဖမ်းကိရိယာလိုင်စင်ဖြင့် မည်သူမဆို ဝင်ရောက် ငါးဖမ်းဆီးနိုင် သည့်အတွက် မကွေးမြို့နယ်မှ ငွေ့ချောင်းကျေးရွာ ရေလုပ်သားများနှင့် မင်းလှမြို့နယ်မှ အမှတ်(၃)ရပ်ကွက် ရေလုပ်သားများသာမက အခြားကျေးရွာများမှ ရေလုပ်သားများပါ ဝင်ရောက် ငါးဖမ်းဆီးလာနိုင်ခြင်း၊

(ခ) ထိုသို့ မည်သူမဆို ဝင်ရောက်ငါးဖမ်းဆီးလာနိုင်ခြင်းဖြင့် ရေလုပ်သားများအကြား ညှိနှိုင်း ဖြေရှင်းပေးရန် ခက်ခဲသော ငါးဖမ်းလုပ်ကွက် အငြင်းပွား မှုများ၊ ရေလုပ်သားအချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုများ ရာဇဝတ်မှုများကို ငါးလုပ်ငန်းဦးစီးဌာနနှင့် အုပ်ချုပ်ရေးဌာနများမှ ဖြေရှင်းပေးရခြင်းများ ထပ်မံဖြစ်ပေါ်လာနိုင်ခြင်း၊

၉။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ၂၀(က)အရ အစိုးရအဖွဲ့၏ သဘောတူညီချက်ကို ရယူ၍ ဂရန်အင်း၊ သီးသန့်အင်း (သို့မဟုတ်)လိုင်စင်ဖြင့် လုပ်ကိုင် ခွင့်ပြုသော ငါးလုပ်ငန်းရေပြင် အမျိုးအစားသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို ဆောင်ရွက်နိုင်ပါ သည်။

၁၀။ သို့ရာတွင် တင်ဒါစနစ်(တင်ဒါလိုင်စင်)ဖြင့် ငါးလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုပေးထားသည့် တင်ဒါ ငါးဖမ်းကွက်များအား ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသည့် ရေပြင် (ဘုံငါးဖမ်းကွက်)ဧရိယာ အဖြစ် ပြောင်းလဲသတ်မှတ်မည်ဆိုပါက ရေလုပ်သားများတွင် ရရှိမည့် အကျိုးခံစားခွင့်ထက် ဖြေရှင်းပေးရ သည့် ပြဿနာများ ပိုမိုလာခြင်း၊ ငါးလုပ်ငန်းဆိုင်ရာဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ကြစေရန် စီမံကြီးကြပ်မှု ခက်ခဲလာခြင်း၊ ငါးလုပ်ငန်းဆိုင်ရာ အရင်းအမြစ်များမှ ရသင့်ရ ထိုက်သော အခွန်အခများ လျော့နည်းရရှိခြင်းများ စသည့်ရလာဒ်များ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

၁၁။ သို့ဖြစ်ပါ၍ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကို မေးမြန်းထားသည့် တင်ဒါစနစ်မှ ဖျက်သိမ်းပေးနိုင်မှု ရှိ/မရှိ မေးခွန်းအပေါ် တင်ဒါစနစ်ဖြင့် ငါးဖမ်းဆီးခွင့်ပြုခြင်းဖြင့် ရရှိမည့်အကျိုးရလာဒ်များနှင့် ဖျက်သိမ်းခြင်းဖြင့် ဖြစ်ပေါ်လာမည့် အချက်များ ကို စဉ်းစားချင့်ချိန် ဆုံးဖြတ်သည့် ဆုံးဖြတ်ချက်များအတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြစေ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်ဆန်းအောင်(ဆိပ်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်-၂)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ ဆိပ်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းအောင်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးလိုသည့် မေးခွန်းကတော့ ကပစ(၂၂) စက်ရုံ တည်ဆောက်ရာတွင် သိမ်းဆည်းခံခဲ့ရသော တောင်သူများအပေါ် ဒေသ၏ ကာလပေါ်ဈေးနှင့်အညီ လျော်ကြေး၊ နစ်နာကြေးများ ပေးရန်နှင့် လိုအပ်ချက်ထက် ပိုမိုသိမ်းဆည်းသွားခဲ့သော စိုက်ပျိုးမြေများအား မူလတောင်သူများသို့ ပြန်လည်စွန့်လွှတ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်ကဲ့သို့ စီမံ ဆောင်ရွက်ထားသည်ကို သိရှိလို၍ မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ကပစ (၂၂)စက်ရုံ တည်ဆောက်ရန်အတွက် ၂၀၀၄ ခုနှစ်တွင် တောင်သူများစိုက်ပျိုးလုပ်ကိုင်နေသော လယ်ယာမြေ နှင့် အခြားမြေများ ဧက(၂၀၀၀)ခန့်ကို သိမ်းဆည်းခဲ့ပါသည်။ ထိုသို့ သိမ်းဆည်းရာတွင် တောင်သူများ စိုက်ပျိုးထားသော သီးနှံပင်များ၊ နှစ်ရှည် သီးနှံပင်များဖြစ်သော မကျည်း၊ ဇီးနှင့်ထန်းပင်များကို ယန္တရား များဖြင့် ထိုးဖျက်ခြင်း ခံခဲ့ရပါသည်။ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ တောင်သူများ လုပ်ကိုင်နေသော လယ်ယာမြေများမှ ထွက်ရှိသော သီးနှံများ၊ ပဲစဉ်းငုံ(၁)ဧကလျှင် (၆)ပြည်နှုန်း ဇီး၊ မကျည်းကို သုံးစု တစ်စု ကို ကပစ(၂၂)သို့ ပေးသွင်းခဲ့ရပါသည်။ နောက်နှစ်များတွင် ပေးသွင်းစရာမလိုဘဲ ဆက်လက်လုပ်ကိုင်ခဲ့ ကြပါသည်။ (၂၄.၅.၂၀၁၈)ရက်နေ့တွင် တောင်သူများအား စပါးဆက်လက်မစိုက်ရန် တားဆီးခဲ့ပြီး (၃၀.၅.၂၀၁၈) ရက်နေ့တွင် လယ်ရေများ ဖောက်ချခံခဲ့ကြရပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေဘိုးကျွန်း၊ ရေထွက်၊ တပ်ပေါင်း၊ အလယ်စု စသည့် ကျေးရွာများမှ စာရင်းပြုစုရာတွင် ကွင်းအမှတ်(၁၂၆၀၊၁၂၆၃၊၁၂၆၄၊၁၂၆၅)မှ တောင်သူ(၁၀၉) ဦးပိုင် လယ်ယာမြေဧက (၆၄၀)ခန့် ပါဝင်သွားကြောင်း သိခဲ့ရပါသည်။ နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ထက်တွင် လယ်ယာမြေကိစ္စများ ဖြေရှင်းနေဆဲကာလ မှာ လယ်ယာမြေများကို ထပ်မံပြီး သိမ်းဆည်း ခြင်းမပြုရန် အမိန့်ထုတ်ခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် (၈)ခန်းတွဲ (၂)လုံးနှင့်(၆)ခန်းတွဲ(၄)လုံး အဆောက် အဦများ ထပ်မံတိုးချဲ့ ဆောက်လုပ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကပစ(၂၂)တည်ဆောက်ရာတွင် သိမ်းဆည်းခံခဲ့ရသော လယ်ယာမြေများအပေါ် ဒေသ၏ ကာလပေါက်ဈေးနှင့်အညီ လျော်ကြေး၊ နစ်နာကြေးများ ပေးရန်နှင့် အနည်းဆုံး လိုအပ်ချက်ထက် ပိုမို သိမ်းဆည်းသွားသော စိုက်ပျိုးမြေများအား မူလတောင်သူများသို့ ပြန်လည်စွန့်လွှတ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို တောင်သူများကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်ခင်ဗျား။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန )။** ။

၁။ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဆန်းအောင်က ကပစ (၂၂) တည်ဆောက်ရာတွင် သိမ်းဆည်း**ခံခဲ့ရသော လယ်ယာ မြေများအပေါ်ဒေသ၏ ကာလပေါက်ဈေးနှင့်အညီ လျော်ကြေး၊ နစ်နာကြေးများ ပေးရန်နှင့် အနည်းဆုံးလိုအပ်ချက်ထက် ပိုမိုသိမ်းဆည်းသွားသော** စိုက်ပျိုးမြေများအား မူလတောင်သူများသို့ ပြန်လည်စွန့်လွှတ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည် ကို သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းထားရှိပါသည်။

၂။ အဆိုပါကိစ္စနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) ၂၀၀၉ ခုနှစ်တွင် ဆိပ်ဖြူမြို့နယ်အတွင်း ကျေးရွာအုပ်စု(၅)အုပ်စု၊ ကွင်းပေါင်း (၂၁) ကွင်း အတွင်းရှိ လယ်မြေဧရိယာ(၃၂၅)ဧက၊ ယာမြေဧရိယာ (၇၆၇)ဧက၊ သစ်တော မြေဧရိယာ (၁၄၂၅၉)ဧက၊ တောရိုင်းမြေ(၈၈၄၉)ဧက၊ စုစုပေါင်းမြေဧရိယာ (၂၄၂၀၀) ဧကအား အမှတ် (၂၂) ကာကွယ်ရေးပစ္စည်း စက်ရုံမြေအဖြစ် အသုံးပြုခဲ့ကြောင်း၊

(ခ) စိုက်ပျိုးမြေ (၁၀၉၂)ဧကအတွက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ (၂၂.၉.၂၀၀၉)ရက်စွဲပါ စာအမှတ်-၅/၄၃-၂၂၂/ဦး၆ ဖြင့် လ/န(၃၉) ခွင့်ပြုမိန့် ရရှိပြီးဖြစ် ကြောင်းနှင့် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့သည့် မြေဧရိယာ(၁၄၂၅၉)ဧကနှင့် တောရိုင်းမြေဧရိယာ (၈၈၄၉)ဧက စုစုပေါင်း မြေဧရိယာ (၂၃၁၀၈)ဧကအား အမှတ်(၂၂) ကာကွယ်ရေးပစ္စည်း စက်ရုံမြေအဖြစ်အသုံးပြုရန် ပြည်ထဲရေးဝန်ကြီးဌာနမှ (၁၈.၁၀.၂၀၁၁) ရက်စွဲပါစာအမှတ်- ၃၀၀/၁-၅/ဦး၁ ဖြင့် အခမဲ့လွှဲပြောင်းပေးခဲ့ကြောင်း၊

(ဂ) အမှတ် (၂၂) ကာကွယ်ရေးပစ္စည်းစက်ရုံမြေအဖြစ် သိမ်းဆည်းစဉ် ပါဝင်သွားသည့် စိုက်ပျိုး မြေ(၁၀၉၂)ဧကအတွက် တစ်ဧကလျှင် ငွေကျပ် (၅၁၁၈)ကျပ်နှုန်းဖြင့် ငွေကျပ် (၅၅၈၈၈၅၆) အား ပေးလျော်ခဲ့ပြီးဖြစ်ကြောင်း၊

၃။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါ အမှတ်(၂၂)ကာကွယ်ရေးပစ္စည်းစက်ရုံ သိမ်းဆည်း မြေနှင့်ပတ်သက်၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေး ကော်မတီအဆင့်ဆင့်မှ စိစစ်ဆောင်ရွက် တင်ပြသွားရေး စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးတင်ဝင်း(မင်းတုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်-၁)။** ။ ယခုကျင်းပသော ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မင်းတုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများခင်ဗျား။ ကျွန်တော် မေးမြန်းလိုတာကတော့ သောက်သုံးရေ ရှားပါးသော ယောကျေးရွာတွင် ရာသီမရွေးသုံးစွဲနိုင်ရန် တဖက်ပိတ်ဆည် ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း ဖြစ်ပါတယ်။

ယောကျေးရွာတွင် အိမ်ထောင်စု(၁၅၄)၊ လူဦးရေ(၅၅၅)နှင့် ကျွဲ၊ နွားအကောင်ရေ (၄၉၀)ခန့် ရှိပါ တယ်။ ကျေးရွာကို မင်းတုန်း-သရက်လမ်းမကြီး၏ တောင်ဘက်ကို (၅)ပိုင်ခန့်အကွာမှာ နေထိုင်ကြပါ တယ်။ ယခုကျေးရွာဟာ ချောင်းများနှင့် ဝေးကွာပြီး တောတောင်လျိုမြောင်များအတွင်းမှာ ရွာတည်ပြီး နေထိုင်ကြပါတယ်။ ကျေးရွာအတွင်းမှာ တိုင်းရင်းသားချင်းလူမျိုးများနှင့် ဗမာများရောစွ၍ အတူနေထိုင် ကြပါတယ်။ နှစ်စဉ်နှစ်တိုင်းရေရှားပါး၍ ကားများဖြင့် သွားရောက်ပြီးလှူဒါန်းကြရပါတယ်။ ယခင်အစိုးရ များကလည်း ရေလှောင်ကန်များ တူးပေးကြပါတယ်။ သို့ပါသော်လည်း ၎င်းရေကန်များဟာ ရေရှားပါး သည့် မတ်၊ ဧပြီလနှင့် မေလများအထိ ရေများထိန်းသိမ်းထားနိုင်ခြင်းမရှိဘဲ ကုန်ခမ်းသွားပါတယ်။ ဒါကြောင့် ယခုတွင် တောင်တန်းမှလာသော လျိုမြောင်များကို စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်နိုင်မည့် တဖက်ပိတ်ဆည်ကို တည်ဆောက်ပေးနိုင်မှသာလျှင် အဆင်ပြေမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ ချောင်းဘေးတွင်နေကြတဲ့ ပြည်သူများက ချောင်းရေ တိုက်စားပြီး ကမ်းပြိုလို့ရှောင်ပြေးရတဲ့ဘေး၊ ချောင်းနဲ့ဝေးတဲ့နေရာမှာနေတဲ့ ပြည်သူများကရေရှားပါးတဲ့ ဘေး ဘယ်လိုဘေးအန္တရာယ်ပဲဖြစ်ဖြစ် ပြည်သူအကျိုးသယ်ပိုးရမှာကတော့ ကျွန်တော်တို့ရဲ့ တာဝန်ပဲဖြစ်ပါ တယ်။ ဒါကြောင့် ရေရှားပါးတဲ့ဘေးမှ ကင်းလွတ်ရန် ယောကျေးရွာတွင် ရာသီမရွေးသုံးစွဲနိုင်သည့် တဖက်ပိတ်ဆည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဝင်းမော်ဌေး ( ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန )။ ။**

၁။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ ယောကျေးရွာသည် သရက် - မင်းတုန်း ကားလမ်း၏ တောင်ဘက်(၄.၇၅)မိုင်ခန့်အကွာတွင် တည်ရှိပြီး အိမ်ခြေ(၁၅၄)အိမ်၊ လူဦးရေ (၅၅၈)ဦး နေထိုင်ကြပါသည်။ အနောက်တောင်ကျောဘက်မှ စီးဝင်လာသော မဲအူစမ်းနှင့် အနောက်စမ်းတို့သည် ယော ကျေးရွာ၏ အထက်ဘက်တွင် ပေါင်းဆုံပြီး ကျေးရွာ၏ အလယ်မှ ဖြတ်သန်း၍ ယောချောင်း အဖြစ် မိုးရာသီကာလတွင် စီးဆင်းနေပါသည်။ ယခုအခါတွင် ကျေးရွာနေ ပြည်သူများ သောက်သုံးရေ ရရှိရေး အတွက် လူထုဗဟိုပြုစီမံကိန်းဖြင့် ရေပိုက်လိုင်းများ သွယ်ယူထားရှိပါသည်။

၂။ မြေပြင်ကွင်းဆင်း လေ့လာမှုများအရ တမံပိတ်ရန် လျာထားသော နေရာသည် ယောကျေးရွာ၏ တောင်ဘက်(၁.၅၀)မိုင်ခန့်အကွာ မဲအူစမ်းပေါ်တွင် တည်ရှိပါသည်။ ၎င်းနေရာတွင် ချောင်း၏ အောက်ခြေ အကျယ်သည် ပျမ်းမျှ(၁၅)ပေ၊ လျှိုမြောင်အနက်သည် (၄၀)ပေ၊ ချောင်းထိပ် အကျယ်သည် (၁၅၀)ပေခန့် ထိရှိပြီး၊ အမြင့်ဆုံးရေမှာ (၈)ပေအနက်ခန့် စီးဆင်းခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ချောင်း၏ ကြမ်းပြင်သည် ကျောက်ဆောင်၊ ကျောက်သားများဖြင့် ဖွဲ့စည်းထားသဖြင့် သပ်ကျင်းတူးဖော်ရန် အခက် အခဲဖြစ်နိုင်ပြီး ရေဝပ်ဧရိယာသည်လည်း လျှိုမြောင်တစ်လျှောက်သာ ဖြစ်ပါသဖြင့် ရေဝပ်ဧရိယာ ကျဉ်းမြောင်းခြင်းကို တွေ့ရှိရပါသည်။ လက်ရှိစိုက်ပျိုးနေသော လယ်မြေများသည် တစ်ဆက်တစ်စပ်တည်း တည်ရှိနေခြင်း မရှိဘဲ မြေပြင် အနေအထားအရ လျှိုမြောင်များ တစ်လျှောက်တွင်သာ စိုက်ပျိုးထားကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါနေရာတွင် တစ်ဖက်ပိတ်ဆည် တည်ဆောက်မည်ဆိုပါက တမံအောက်ခြေသပ် ကျင်းတူးဖော်ရန် မလွယ်ကူခြင်းကြောင့် ရေစိမ့်ယိုနိုင်ခြင်း၊ တမံအမြင့်ပေ မြင့်မားစွာ ပိတ်ရမည် ဖြစ်သော်လည်း ရေဝပ်ဧရိယာ ကျဉ်းမြောင်းခြင်းကြောင့် သိုလှောင်ရေပမာဏ နည်းပါးမည်ဖြစ် ပါသည်။ စိုက်ပျိုးမြေ တစ်ဆက်တစ်စပ်တည်း မရှိခြင်းကြောင့် စိုက်ပျိုးနိုင်သည့် ဧရိယာ နည်းပါးပါသည်။ သို့ဖြစ်ပါ၍ တမံတည်ဆောက်ခြင်း ကုန်ကျစရိတ်နှင့် ရရှိနိုင်သည့် အကျိုးအမြတ် ကိုက်ညီမှု မရှိခြင်းကြောင့် တစ်ဖက် ပိတ်ဆည် တည်ဆောက်ပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဌေးဝင်း(ထီးလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်-၁) ။ ။** လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ထီးလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းလိုတာ ကတော့ ထီးလင်းမြို့မှာ ဓာတ်အားခွဲရုံးရှိပြီး မြို့ပေါ်ရပ်ကွက်များ မီးလင်းခဲ့ပါပြီ။ သို့သော်လည်း ထီးလင်း မြို့နှင့် အလှမ်းကွာဝေးမှုမရှိသော သရခါ ၊ ပုဏ္ဏား၊ ထန်းပင်ကုန်း၊ ထလင်း၊ တောရောင်း၊ ဝါးရင်းချိုင် ကျေးရွာများ မီးလင်းနိုင်ရေး ဓါတ်အားခွဲရုံးနှင့် မနီးမဝေးမှာရှိတဲ့ရွာများ မီးကြိုးသွယ်တန်းမှု မရှိခြင်းနှင့် မပေးရသည့်အကြောင်းရင်းအား သိရှိလိုကြောင်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထီးလင်းမြို့နယ်သည် ဖွံ့ဖြိုးမှုနည်းပြီး ဝန်ထမ်းများနည်းသော မြို့ငယ်တစ်မြို့ ဖြစ်ပါတယ်။ ယခုအခါ (၂၄)နာရီမီးလင်းခဲ့ပါပြီ။ သို့သော်လည်း မြို့နယ်အလှမ်းကွာဝေးမှု မရှိသော သရခါ ၊ ပုဏ္ဏား၊ ထန်းပင်ကုန်း၊ ထလင်း၊ တောရောင်း၊ ဝါးရင်းချိုင်ကျေးရွာများကို လျှပ်စစ်မီးသွယ်တန်းပေးရန် မနီးမဝေးရှိ ကျေးရွာများဖြစ်ပါတယ်။ ယင်းကျေးရွာများသို့ ထရန်စဖော်မာနှင့် (၁၀)ကေဗွီဓါတ်အားလိုင်း ရောက်ရှိရန်သာ လိုအပ်ပါတော့တယ်။ မြို့နဲ့အလှမ်းမဝေးသည့် ကျေးရွာတော်တော်များများသည် ကျေးရွာ တွင်း ကွန်ကရစ်တိုင်များနှင့် ဓါတ်အားလိုင်းများ အရန်သင့် သွယ်တန်းထားရှိပြီးဖြစ်နေပါပြီ။ ကျေးရွာများ ဘက်မှ အရန်သင့်ရှိနေမှုကို သက်ဆိုင်ရာ လူကြီးမင်းများ အမှန်တကယ်မသိလို့များ မပေးတာလား၊ (သို့မဟုတ်) အဘယ်သို့သော အကြောင်းများကြောင့် မပေးတာလဲကို သိရှိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းလိုက်ရခြင်း ဖြစ်ပါတယ်ခင်ဗျား။

**ဦးမြင့်ဇော် ( ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန )။ ။**

၁။ ထီးလင်းမြို့နယ်တွင် ခွဲရုံနှင့်မနီးမဝေးတွင်ရှိသော ကျေးရွာများမီးလင်းမပေးနိုင်ရခြင်းမှာ အဆိုပါကျေးရွာများအနက် သရခါ ၊ ပုဏ္ဏား၊ ထလင်းကျေးရွာများအား NEP Phase - 1 အစီအစဉ်ဖြင့် လည်းကောင်း၊ အဆိုပါ NEP အစီအစဉ်ဖြင့် ဓာတ်အားရရှိမည့် ကျေးရွာများဖြစ်သော ပုဏ္ဏားကျေးရွာမှ ၁၁ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဝါးရင်းချိုင်ကျေးရွာနှင့် ထန်းပင်ကုန်းကျေးရွာများသို့ လည်းကောင်း၊ ထလင်း ကျေးရွာမှ တောရောင်းကျေးရွာသို့လည်းကောင်း ဓာတ်အားရယူ ဆက်သွယ်နိုင်မည် ဖြစ်ပါသည်။ NEP ကျေးရွာများအတွက် ထရန်စဖော်မာနှင့် Steel Pole (ဓာတ်တိုင်)များလည်း ထီးလင်းမြို့နယ်လျှပ်စစ်ရုံးသို့ ရောက်ရှိနေပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဝါးရင်းချိုင်ကျေးရွာ၊ ထန်းပင်ကုန်းကျေးရွာနှင့် တောရောင်းကျေးရွာများ ဓာတ်အားရရှိရေးအတွက် (၂၀၁၈ - ၂၀၁၉)ဘဏ္ဍာနှစ်တိုင်းဒေသကြီးဖြည့်စွက် ဘတ်ဂျက်မှ စတင်၍ ဘတ်ဂျတ်ရရှိမှုအပေါ်မူတည်ပြီး ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ညိုညိုဦး(စေတုတ္တရာမြို့နယ် မဲဆန္ဒနယ်အမှတ် - ၁)။** ။ လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ရှင်။

ကျွန်မကတော့ စေတုတ္တရာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦး ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနှင့် လျှပ်စစ်ထုတ်ယူနိုင်သည့် အနေအထားရှိသော ရေအရင်းအမြစ်တစ်ခုအား စေတုတ္တရာမြို့နယ်တွင် တည်ရှိနေကြောင်းနှင့် လျှပ်စစ်ထုတ်ယူသည့် အနေအထားတစ်ခုရောက်ရန် တိုင်းဒေသကြီးအစိုးရနေဖြင့် ဖော်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၏ တောင်ဘက် စစ်ငန်းအုပ်စု၊ စစ်ငန်းရွာ၏အထက်(၂)မိုင်အကွာတွင် နီးကပ်စွာတည်ရှိသော ကျောက်တောင်(၂)ခု ကြားမှ နွေ၊ မိုး၊ ဆောင်းမပြတ် စီးဆင်းလျက်ရှိသော ကြီးချောင်းသည် ရေစီးအားကောင်းလှပါသည်။ ကျောက်တောင် (၂)ခု နီးကပ်စွာရှိသော နေရာအား ဒေသအခေါ်အဝေါ်အရ တောင်အင်းဟုခေါ်ပါသည်။ တောင်အင်းအထက် တွင် သဖန်းပင်အိုင်ရှိပါသည်။ ထိုမှအထက်တွင် ဆရာပေးအိုင်ရှိပါသည်။ ထိုမှ မြောက်အင်းအိုင်၊ မြောက်အင်း ကလေးအိုင်၊ နဂါးငြုန်အိုင်၊ ပတိမ်းချောင်းအိုင်၊ ဇလားအိုင်၊ ဝင်းဇင်းလှည့်အိုင်၊ စလေ့အိုင်၊ ဘက်အိုင်အထိ (၄) မိုင်ခန့် ရေလှောင်ပမာဏရှိမည်ဟု ဒေသခံများက ခန့်မှန်းကြပါသည်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ မြောက်ဘက်ရှိ ဆင်ခြေဖုံရွာသွားသော လမ်းကြောတွင် တွေ့ရသော ကျောက်တောင်နံပါတ်(၁)နှင့် တောင်ဘက်ရှိ သက္ကယ်ကျင်းရွာသွားသော လမ်းကြောတွင် တွေ့ရသော ကျောက်တောင်နံပါတ်(၂)တို့သည် ဒေသခံတို့၏ ခန့်မှန်းပြောဆိုမှုအရ အောက်ခြေအကျယ် ပေ(၂၀၀)ခန့်နှင့် အထက်အကျယ်ပေ(၃၀၀)ခန့် ရှိကြောင်း သိရပါသည်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ တောင်နှစ်လုံးပိတ်၍ ရေအားလျှပ်စစ်ထုတ်ယူမည့် အစီအစဉ်ကို ပြုလုပ်မည်ဆိုပါက စေတုတ္တရာတစ်မြို့နယ်အတွက်သာမက မကွေးတိုင်းအတွင်းရှိ မြို့နယ်များ အထိပါ လျှပ်စစ်လုံလောက်စွာပေးနိုင်မည်ဟု ခန့်မှန်းကြပါသည်။ ပိုလျှံရေကို စိုက်ပျိုးရေအတွက် အသုံးချနိုင် သဖြင့် အကျိုးပြုစိုက်မြေဧက ထောင်ချီ၍ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ကြပါသည်။ ကြီးချောင်းရေကို ဆည်တုပ်၍ လျှပ်စစ်ဓါတ်အားထုတ်မည်ဆိုပါက မုန်းချောင်းအတွင်းသို့ စီးဝင်သော ကြီးချောင်းရေအားကို ထိန်းချုပ်နိုင်သဖြင့် နှစ်စဉ်ရေကြီးခြင်းပြဿနာကို ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ အကျိုးကျေးဇူးအနေဖြင့် -

(၁) ဒေသတွင်းအလုပ်အကိုင် အခွင့်လမ်းသစ်များ ပေါ်ပေါက်၍ နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကြရသည့် လူ့အရင်းအမြစ်ဆုံးရှုံးနေမှုမှ ကာကွယ်ခြင်း၊

(၂) နိုင်ငံတော်၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက် ပမာဏကို ဖြည့်ဆည်းပေးရာရောက်ခြင်း၊

(၃) စိုက်မြေဧကများစွာ ပေါ်ထွန်းလာသဖြင့် ဒေသခံတို့၏ စီးပွားရေးအခွင့်အလမ်းများ ပေါ်ပေါက်လာက ဆင်းရဲမှုပပျောက်လျော့နည်းခြင်း၊

(၄) လျှပ်စစ်ထုတ်ယူမည့်နေရာ အထက်ရှိ တောင်ပေါ်ချင်းကျေးရွာ(၂)ရွာအတွက် စိုက်ပျိုးမြေနှင့် ရေဝင်ရေလွဲပိုမိုကောင်းမွန်လာခြင်း။

စသည့်ဘက်ပေါင်းစုံမှ အကျိုးများစေမည့် စီမံကိန်းဖြစ်သည်ဟု ယူဆမိပါသည်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ အထက်ဖော်ပြခဲ့တဲ့အခြေအနေများ ဖြစ်ထွန်းလာစေရေး အတွက် လျှပ်စစ်ထုတ်ယူနိုင်သည့် ရေအရင်းအမြစ်တည်ရှိရာ စေတုတ္တရာမြို့နယ် စစ်ငန်းကျေးရွာမှ (၂)မိုင် အကွာရှိနေရာအား အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရ၊ ထိုမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တင်ပြပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဦးမြင့်ဇော် ( ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန )။ ။**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနအနေဖြင့် ရေအားလျှပ်စစ်စီမံကိန်းများ ဖြစ်မြောက်နိုင်စွမ်းနှင့် အကောင်အထည်ဖော်တည်ဆောက်ခြင်း လုပ်ငန်းများအား ဆောင်ရွက်လျက် ရှိပါသည်။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန လက်အောက်တွင် ရုံးချုပ်ဌာနခွဲ(၁၀)ခုနှင့် တည်ဆောက်ရေး(၅)ခုတို့ ပါရှိပါသည်။ စီမံကိန်းဖြစ်မြောက် နိုင်စွမ်း လေ့လာမှုများနှင့် ဒီဇိုင်းရေးဆွဲခြင်းကိစ္စများအတွက် ရုံးချုပ်ဌာနရှိ ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ၊ စူးစမ်း လေ့လာရေးဌာနခွဲနှင့် ဘူမိဗေဒဌာနခွဲတို့မှ တိုက်ရိုက်ကွပ်ကဲ ဆောင်ရွက်လျက် ရှိပါသည်။ အမှတ်(၄) တည်ဆောက်ရေးအနေဖြင့် မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် တည်ဆောက်ခြင်းတို့ကိုသာ အဓိကထား ဆောင်ရွက်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ထုတ်လုပ်မှုတွင် ယေဘုယျအားဖြင့် နည်းလမ်း(၂) မျိုး အသုံးပြု၍ ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့မှာ လုံလောက်သော ရေထုစီးနှုန်းအား သဘာဝအမြင့်မှ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်း (Run of River Type)နှင့် တမံဖို့၍ ရေသိုလှောင်ရန် အမြင့်တည်ဆောက်ရယူကာ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်း (Dam Type)တို့ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦး တင်ပြမေးမြန်းလာသော မကွေးတိုင်းဒေသကြီး ဧရိယာအတွင်းရှိ ကြီးချောင်း၏ တည်နေရာအား မြေပုံဖြင့် ဖော်ပြထားပါသည်။ အဆိုပါ ကြီးချောင်းသည် တောင်ကြောပေါ်မှတစ်ဆင့် မြေပြန့်လွင်ပြင်တွင် စီးဆင်းသောချောင်းဖြစ်သဖြင့် ရေဆင်းဧရိယာရနိုင်မှု အခြေအနေပေါ်မူတည်၍ ရေလှောင်တမံအမျိုးအစား တည်ဆောက်ကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် နည်း စနစ်ကို အသုံးပြုနိုင်ကြောင်း မြေပုံလေ့လာမှု အရ သိရှိရပါသည်။ တမံဖို့ရန်အတွက် မြေပုံပါမြေပြင် အနေအထားအား ထပ်မံလေ့လာသောအခါ တမံ တည်ဆောက်မည့်နေရာ၏ အထက်ဖက် (၂)မိုင်ခန့်အကွာတွင် စစ်ငန်းကျေးရွာ တည်ရှိနေခြင်း၊ ဆည်ရေ ပေါက်ထွက်စီးဆင်းနိုင်သည့် ကုန်းကြောနိမ့်များ တည်ရှိနေခြင်း၊ တမံတည်မှီရမည့် ချောင်းဘေးနှစ်ဖက် တောင်ကုန်းများ၏ အခြေအနေများကြောင့် တမံအမြင့်ပေ(၆၀)မှ ပေ(၉၀)ခန့် အတွင်းသာ တည်ဆောက် နိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ တမံအား အများဆုံးအမြင့်ပေ(၁၃၀)ထိ ဆောင်ရွက်နိုင်သော် လည်း စစ်ငန်းကျေးရွာနှင့် ၎င်းရွာ၏ စိုက်ပျိုးမြေများ ရေနစ်မြုပ်ခြင်း၊ တောင်ကုန်းအနိမ့်ကြောများမှ ဆည်ရေပေါက် ထွက်နိုင်ခြင်းတို့ ဖြစ်နိုင်၍ ရေအားလျှပ်စစ်ထုတ်ယူရန် ရေအားအမြင့် ရရှိနိုင်မှုမှာ အကန့် အသတ်ရှိနေပါသည်။

၃။ သို့ဖြစ်ပါ၍ ကြီးချောင်းအား တမံတည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်ယူမည်ဆိုပါက တမံ အမြင့်မှာ ပေ(၉၀)အထိသာ လျာထားဆောင်ရွက်နိုင်သဖြင့် ရေဆင်းဧရိယာ အခြေအနေအရ (၁)မဂ္ဂါဝပ် အောက် ကီလိုဝပ်အဆင့်သာ ထုတ်ယူရရှိမည်ဖြစ်၍ အသေးစား ရေအားလျှပ်စစ်စီမံကိန်းအဆင့်သာ ဆောင်ရွက်နိုင်ပါမည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်အတွက် ရေအားဆက်နွယ် အဆောက်အဦများ ဖြစ်သည့် ရေတားတမံ၊ ရေယူအဆောက်အဦ၊ ရေပိုလွှဲ၊ ဖိအားမြှင့်ပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံ၊ ဆွစ်ယာဒ်စသည့် အဆောက်အဦများ တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါသည်။ အသေးစားရေအားလျှပ်စစ် ထုတ်လုပ်မှု ကုန်ကျစရိတ်သည် အကြီးစားရေအားလျှပ်စစ်၏ (၅)ဆမှ (၁၀)ဆအထိ ပိုမိုကုန်ကျနိုင်သဖြင့် အဆိုပါကြီးချောင်းတွင်

အသေးစားရေအားလျှပ်စစ် စီမံကိန်း ဆောင်ရွက်မည်ဆိုပါက စီးပွားရေးအရ တွက်ခြေမကိုက်နိုင်ပါ။ ဆက်လက်၍ စိုက်ပျိုးရေပေးဝေခြင်းအတွက် သိုလှောင်ရေပမာဏ ရရှိနိုင်မှုမှာ လည်း နည်းပါးသည်ကို တွေ့ရှိရပါသည်။

၄။ စေတုတ္တရာမြို့နယ်၊ ကြီးချောင်း ဧရိယာအနီးတွင် မုန်းချောင်းရေအားလျှပ်စစ် (၇၅ မဂ္ဂါဝပ်)နှင့် ကြီးအုံကြီးဝရေအားလျှပ်စစ် (၇၄ မဂ္ဂါဝပ်)စုစုပေါင်း (၁၄၉ မဂ္ဂါဝပ်) ရှိသော အကြီးစားရေအားလျှပ်စစ် စက်ရုံ(၂)ရုံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက်ရှိ သည်ကို လေ့လာတွေ့ရှိရပါသည်။ သို့ပါ၍ ၎င်းစက်ရုံ များမှ လျှပ်စစ်ဓာတ်အား သွယ်ယူ သုံးစွဲခြင်းသည် သက်ဆိုင်ရာတိုင်းဒေသကြီးအတွက် ကုန်ကျစရိတ် ပိုမိုသက်သာ၍ အကျိုးရှိစေနိုင်မည် ဖြစ်ပါကြောင်းနှင့် ရေအားလျှပ်စစ်စက်ရုံများအတွက် ကနဦးလေ့လာ ခြင်း၊ (Survey)နှင့် ဖြစ်နိုင်စွမ်း တွက်ချက်ခြင်း၊ တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုအဆင့် မှသာ ဆောင်ရွက်ခြင်း ဖြစ်ပါသဖြင့် အသေးစိတ် ထပ်မံသိရှိလို၍ ကွင်းဆင်းလေ့လာဆောင်ရွက်မှုများ ဆောင်ရွက်စေလိုပါက ပြည်ထောင်စုဝန်ကြီးဌာနသို့ တိုက်တွန်းဆောင်ရွက်နိုင်ကြောင်း ဖြေကြားအပ်ပါ သည်။

**ဦးခင်မောင်လွင်(ငဖဲမြို့နယ် မဲဆန္ဒနယ် အမှတ် -၂)။** ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ငဖဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး (၂၅)မြို့နယ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာန တို့မှ ပြည်သူ့ဘဏ္ဍာငွေ(ပြည်ထောင်စု ဘတ်ဂျက်+ တိုင်းဒေသကြီးဘတ်ဂျက်)ဖြင့် ဆောင်ရွက်လျက်ရှိသော ဌာနပိုင်+ ကျေးရွာအစုအဖွဲ့ပိုင်+ အခြားစီမံကိန်းဝင်စိုက်ခင်းများ (အကျယ်အဝန်း၊ ဧက + စိုက်ပင်အရေ အတွက်+ တည်ရှိရာနေရာဒေသ)နှင့် ပျိုးဥယျာဉ်များ(အကျယ်အဝန်း၊ ဧက + ပျိုးပင်အရေအတွက် + တည်ရှိရာနေရာဒေသ) စသည့် အသေးစိတ်စာရင်းဇယားများအား မြို့နယ်တစ်ခုချင်းစီအလိုက် သိရှိလိုပါ၍ ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ဝတ္တရားများအနက် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ပြုန်းတီးမှုမရှိအောင် စောင့်ကြည့်ထိန်းညှိသွားရမည့်တာဝန်တစ်ခုလည်း ပါဝင်တယ်လို့ယုံကြည်ပါတယ်။ သက်ဆိုင်ရာမြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များလိုအပ်သလို စောင့်ကြည့်ထိန်းညှိနိုင်ရန် ရည်ရွယ်၍ အထက်ဖော်ပြပါ မကွေးတိုင်းဒေသကြီး(၂၅)မြို့နယ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှ ပြည်သူ့ဘဏ္ဍာငွေ(ပြည်ထောင်စုဘတ်ဂျက်+ တိုင်းဒေသကြီးဘတ်ဂျက် )ဖြင့် ဆောင်ရွက်လျက်ရှိသော ဌာနပိုင်+ ကျေးရွာအစုအဖွဲ့ပိုင်+အခြားစီမံကိန်းဝင် စိုက်ခင်းများ(အကျယ်အဝန်း၊ ဧက+ စိုက်ပင်အရေအတွက် + တည်ရှိရာနေရာဒေသ)နှင့် ပျိုးဥယျာဉ်များ(အကျယ်အဝန်း၊ ဧက+ ပျိုးပင်အရေအတွက်+ တည်ရှိရာနေရာဒေသ)အသေးစိတ် စာရင်းဇယားများအား ထုတ်ပြန်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးမြင့်ဇော် ( ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန )။** ။

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှ ပြည်သူ့ဘဏ္ဍာငွေ ( ပြည်ထောင်စုဘတ်ဂျက် + တိုင်းဒေသကြီးဘတ်ဂျက် )ဖြင့် ဆောင်ရွက်လျက်ရှိသော ဌာနပိုင် + ကျေးရွာ အစုအဖွဲ့ပိုင် + အခြားစီမံကိန်းဝင်စိုက်ခင်းများနှင့် ပျိုးဥယျာဉ်များ (အကျယ်အဝန်း၊ ဧက + ပျိုးပင်အရေ အတွက် + တည်ရှိရာနေရာဒေသ) စသည့် အသေးစိတ် စာရင်းဇယားများအား မြို့နယ် တစ်ခုချင်းအလိုက် ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီး ဌာနအနေဖြင့် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် စိုက်ခင်း/ အထူးစိမ်းလန်းစိုပြည်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စိုက်ခင်းများစာရင်းနှင့် ပျိုးဥယျာဉ်များ စာရင်းအသေးစိတ် အချက်အလက် များကို ပူးတွဲပါစာရင်းဇယား (၁၆)ရွက်နှင့်အတူ ပြုစု၍ တင်ပြအပ်ပါသည်။

၂။ သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အကောင်အထည်ဖော်ဆောင်ရွက်သည့် မြန်မာ နိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် သစ်တောဦးစီးဌာနသည် မကွေးတိုင်းဒေသ ကြီး၊ ခရိုင်၊ မြို့နယ်များတွင် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ၂၀၁၈ ခုနှစ်၊ မိုးဦး၌ စီးပွားရေး ကျွန်း စိုက်ခင်း(၁၅၅၀)ဧက၊ ရေဝေရေလဲ စိုက်ခင်း(၄၅၀)ဧက၊ ကျေးရွာသုံးစိုက်ခင်း (၆၂၀)ဧက၊ ဒေသခံ ပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း (၁၇၈၈၅)ဧက၊ သဘာဝတောတန်ဘိုးမြှင့် စိုက်ပျိုးခြင်း (၁၇၄၀) ဧက၊ သီးနှံရောနှောစိုက်ပျိုးခြင်း(၄၈၀)ဧကနှင့် စီးပွားရေးစိုက်ခင်းဟောင်းများ ပြန်လည်ပြုစု ထိန်းသိမ်း ခြင်း ( ၇၅၅ )ဧကတို့ စိုက်ပျိုးခဲ့ပါသည်။

၃။ အဆိုပါ ၂၀၁၈ ခုနှစ်၊ မိုးရာသီတွင် တည်ထောင် စိုက်ပျိုးခဲ့သော စီးပွားရေး ကျွန်းစိုက်ခင်း (၁၅၅၀) ဧကအတွက် ခွင့်ပြုငွေ ကျပ်သန်း ( ၆၅၆.၄၇၄၅ ) ၊ ရေဝေရေလဲ စိုက်ခင်း ( ၄၅၀ ) ဧက အတွက် ခွင့်ပြုငွေ ကျပ်သန်း(၈၄.၈၈၈)၊ သဘာဝတော တန်ဘိုးမြှင့် စိုက်ပျိုးခြင်းအတွက် ခွင့်ပြုငွေ ကျပ်သန်း(၁၃၃.၆၃၂)၊ စီးပွားရေး စိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်း (၇၅၅)ဧက အတွက် ခွင့်ပြုငွေကျပ်သန်း (၁၅၉.၁၂၃၈)၊ စုစုပေါင်း ကျပ်သန်း(၁၀၃၄.၁၁၈၃)ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လည်းကောင်း၊ ကျေးရွာသုံး စိုက်ခင်း(၆၂၀)ဧကအတွက် ခွင့်ပြုငွေကျပ်သန်း( ၄၄၀.၉၃၇၈ )၊ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း (၁၇၈၈၅)ဧကအတွက် ခွင့်ပြုငွေကျပ်သန်း (၁၃၄.၁၃၇၅ ) သီးနှံရောနှော စိုက်ပျိုး ခြင်း (၄၈၀) ဧကအတွက် ခွင့်ပြုငွေ ကျပ်သန်း(၇၈.၅၄၇၂)၊ စုစုပေါင်းကျပ်သန်း(၆၅၃.၆၂၂၅)ကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ လည်းကောင်း သုံးစွဲခဲ့ပါသည်။

၄။ အထက်ဖော်ပြပါ စီမံကိန်းဝင် စိုက်ခင်းလုပ်ငန်းများအတွက် အသေးစိတ် စာရင်းဇယားများအား ခရိုင်၊ မြို့နယ်အလိုက်ဘဏ္ဍာငွေ ခွဲဝေချထားမှုကို ( ၁ မှ ၅ ထိ )ဖြင့်လည်းကောင်း၊ အဆိုပါ စီမံကိန်းဝင် စိုက်ခင်းများ တည်ထောင်ရန်အတွက် ပျိုးပင်များပျိုးထောင်ခဲ့သည့် ပျိုးဥယျာဉ်စာရင်းကို (၆၊၇)ဖြင့် လည်းကောင်း၊ ဆောင်ရွက်သည့် တည်နေရာ၊ အပင်အရေအတွက်၊ အကျယ်အဝန်းဧကတို့အား (၈မှ ၁၄) ဖြင့်လည်းကောင်း တင်ပြအပ်ပါသည်။

၅။ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များတွင် တည်ထောင်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဝင် စိုက်ခင်းလုပ်ငန်းများ ဆောင်ရွက်မှုများကို လွှတ်တော်ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများအား ရှင်းလင်းပြသကြရန် တစ်လတစ်ကြိမ် ပြုလုပ်သည့် တိုင်းဒေသကြီး/ ခရိုင်/မြို့နယ် လုပ်ငန်းညှိနှိုင်း အစည်း အဝေးများတွင် မှာကြားလမ်းညွှန်ထားပါသဖြင့် မြို့နယ်အချို့တွင် ရှင်းလင်းပြသခြင်းများ ဆောင်ရွက်ပြီး ဖြစ်ပါကြောင်းနှင့် ကျန်ရှိမြို့နယ်များသို့လည်း အလားတူ ဖိတ်ကြား ကွင်းဆင်း ရှင်းလင်းတင်ပြပေးရန် ညွှန်ကြားထားရှိပါကြောင်းနှင့် စာရင်းအသေးစိတ် အချက်အလက်များကို ပူးတွဲပါ စာရင်းဇယား (၁၈) ရွက် နှင့်အတူ ပြုစု၍ ဖြေကြားအပ်ပါသည်။

**ဦးကျော်ဌေး(မကွေးမြို့နယ်မဲဆန္ဒနယ်အမှတ်-၁)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့မှဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းသွားမယ့်မေးခွန်းကတော့ မကွေး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် လျှပ်စစ်မီးကြိုးများနှင့် ဆက်သွယ်ရေးကြိုးများ သွယ်တန်းထား မှုအခြေအနေများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်များအတွင်း လျှပ်စစ်မီးကြိုးများနှင့် ဆက်သွယ်ရေးကြိုးများကြောင့် ခရီးသွားပြည်သူများနှင့် ရပ်ကွက်နေပြည်သူများ မကြာခဏ အခက်အခဲ များဖြင့် တွေ့ကြုံနေရပါတယ်။ ယခုလို မိုးတွင်းကာလတွင် လျှပ်စစ်မီးကြိုးများ ပြုတ်ကျပြတ်တောက်မှု ကြောင့် လူသေဆုံးမှုအထိ ဖြစ်ပေါ်ခဲ့ရပါတယ်။ ကုန်တင်ယာဉ်ကြီးများရဲ့ မဆင်မခြင်မောင်းနှင်မှုနှင့် လျှပ်စစ်မီးကြိုး၊

ဆက်သွယ်ရေးကြိုးများ သတ်မှတ် ထားသောအမြင့်ပေတွင် တပ်ဆင်ခြင်းမရှိသောကြောင့် ဖြစ်ပေါ်ခဲ့ရသော ကိစ္စရပ်များဖြစ်ပါတယ်။

သို့ပါသောကြောင့် မြို့ပြအင်္ဂါရပ်များနှင့် ညီညွတ်မှုမရှိသော လျှပ်စစ်မီးကြိုး၊ ဆက်သွယ်ရေးကြိုး များအား မြို့ပြအင်္ဂါရပ်များနှင့်အညီ ဖြစ်ပေါ်စေရန် လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ သွယ်တန်း တပ်ဆင်မှုများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါ တယ်ခင်ဗျား။

**ဦးမြင့်ဇော် ( ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန )။ ။**

၁။ မကွေးမြို့၊ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြို့ပြအင်္ဂါရပ်များနှင့်အညီ ဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာ ဌာနတို့မှ လမ်းဇရိယာများချဲ့ထွင်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော် ခြင်း၊ လမ်းဇရိယာ၊ မြောင်းဇရိယာတို့နှင့် မလွတ်ကင်းသော မူလတည်ရှိ လျှပ်စစ်ဓာတ်တိုင်များ ရွှေ့ပြောင်း ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မကွေးမြို့နယ်အနေဖြင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရန်၊ ယူနစ်ပျောက်ဆုံးမှုနည်းပါးစေရန်နှင့် ဗို့အားပြည့်မီစေရန် ယခုအခါတွင် ရပ်ကွက် အသီးသီးတို့၌ ဓာတ်အားဖြန့်ဖြူးပေးထားသော (၄၀၀)ဗို့ ဆွေးမြည့်တိုင်များ သစ်သား/ သံတိုင်နှင့် ဆွေးမြည့်ဟောင်းနွမ်း ACSR, HDBC တို့အား လျှပ်ကာဘာ ပါကြိုးများဖြင့် အစားထိုးလဲလှယ် တည်ဆောက်ခြင်း၊ မိန်းလမ်းမများရှိ လျှပ်စစ်ဓာတ်အားလိုင်းတိုင်များ ရွှေ့ပြောင်းခြင်းလုပ်ငန်းတွင် (၄၀၀) ဗို့လိုင်း၊ (၁၁)ကေဗွီ ဓာတ်အားလိုင်းတို့အား SAC, Insulated Cable တို့ဖြင့် ပြောင်းလဲတည်ဆောက်ခြင်း များ ဆောင်ရွက်လျက် ရှိပါသည်။ တစ်ဆက်တည်းတွင် မိန်းလမ်းမများရှိ လျှပ်စစ်ဓာတ်အားလိုင်း တိုင်များ အသစ်ရွှေ့ပြောင်း ဆောင်ရွက်ခြင်းများ ပြီးစီးပါက ရပ်ကွက်နေပြည်သူများ လျှပ်စစ်အန္တရာယ် ဘေးကင်းစွာ ဖြတ်သန်းသွားလာနိုင်ရန်အတွက် လျှပ်စစ်မီးကြိုးများ လက်ရှိသွယ်တန်းထားမှုများအား ပြင်ဆင်၍ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ သွယ်တန်းတပ်ဆင်မှုများအား ဘတ်ဂျက်ငွေရရှိမှုများ အပေါ် မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးစိုးဝင်း(ချောက်မြို့နယ်မဲဆန္ဒနယ်အမှတ်-၂)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အားလုံး မင်္ဂလာအပေါင်း နှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်း လိုတာကတော့ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဘွဲ့ရနှင့် အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းပြင်ပ နေ လူငယ်/လူလတ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိကြောင်းသိရှိလို၍ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျားခင်ဗျား။ ယနေ့ အချိန်အခါတွင် တိုးတက်လာသောလူဦးရေနှင့် မိသားစုစားဝတ်နေရေးတို့အတွက် နေ့စဉ်ဘဝရပ်တည်နိုင် ရန် အလုပ်အကိုင် အခွင့်အလမ်းများ လွန်စွာကြပ်တည်းကျဉ်းမြောင်းလာတာကို တွေ့မြင်ရပါတယ်။ ဘွဲ့ရရုံ ဖြင့် အလုပ်မရတော့တဲ့ ဒီခေတ်မှာ ဘွဲ့ရ၊ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းပြင်ပနေ လူငယ်/ လူလတ်များ ပို၍ပင် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးလာခဲ့ကြတာကို တွေ့မြင်လာခဲ့ကြပါတယ်။ မိဘရိုးရာ တောင်သူယာလုပ်ခါးမခုတ်ဆိုသလို လုပ်ကိုင်ကြရာမှာလည်း မိုးလေကမမှန် အားမာန်တင်း ပါသော်လည်း နောက်ဆုံးမှာ လယ်ပြုတ်၊ ယာပြုတ်ဘဝနှင့် လယ်ကူလီ၊ ယာကူလီဘဝသို့ ရောက်ရှိကြရပြီး နေရပ်စွန့်ခွာလုပ်ကိုင်စားသောက်ကြရတဲ့ ရွှေ့ပြောင်းအလုပ်သမားများဘဝသို့တိုင် အချိန်နှင့်အမျှ များပြား စွာ ရောက်ရှိလာတာကို မြင်တွေ့လာရပါတယ်။ သို့ပါသောကြောင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဘွဲ့ရနှင့် အထက်တန်း၊ အလယ်တန်းအဆင့်ကျောင်းပြင်ပနေ လူငယ်/လူလတ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိ နိုင်ရေး

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိကြောင်း သိရှိလို၍ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးမြင့်ဇော် ( ဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန )။ ။**

၁။ မကွေးတိုင်းဒေသကြီးအတွင်း မကွေးမြို့နယ်၊ မင်းဘူးမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ ချောက်မြို့နယ်၊ အောင်လံမြို့နယ်၊ ဂန့်ဂေါမြို့နယ်တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်အကိုင် နှင့် အလုပ်သမားရှာဖွေရေးရုံး ( Labour Exchange Office )များ ဖွင့်လှစ်ထားရှိပြီး အလုပ်အကိုင် အခွင့်လမ်းများ ရရှိရေး အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) အလုပ်ရှာဖွေလိုသူ အလုပ်သမားများအား မှတ်ပုံတင်ပေးခြင်း၊ အလုပ်သမား အလိုရှိသည့် အလုပ်ရှင်များထံမှ အမှာစာများ လက်ခံခြင်း၊ အမှာစာအရ ကိုက်ညီသည့် အလုပ်သမားများ စုဆောင်းပေးပို့ခြင်း၊ ရွေးချယ်သူများအား အလုပ်ခန့်ထားရေး ဆောင်ရွက်ပေးခြင်း၊

( ခ ) အလုပ်အကိုင် အခွင့်လမ်းများ ပိုမိုတိုးတက်ရရှိရေးအတွက် သွားလာရန် ခက်ခဲပြီး ရုံးဖွင့်လှစ်ထားရှိခြင်း မရှိသေးသည့် ဒေသများသို့ လစဉ် ( Mobile Team )ဖြင့် ကွင်းဆင်း ဆောင်ရွက်ပေးခြင်း၊

( ဂ ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ပြည်တွင်း၊ ပြည်ပ အေဂျင်စီများ ပူးပေါင်း၍ တစ်နေရာတည်းတွင် ( One Stop Service )ဖြင့် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေး သည့် အလုပ်အကိုင် အခွင့်အလမ်းပြပွဲ( Job Fair )များ မကွေးတိုင်းဒေသကြီးအတွင်း ကျင်းပပြုလုပ်ခြင်းဖြင့် လူငယ်၊ လူလတ်များ အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊

၂။ သို့ဖြစ်ပါ၍ ချောက်မြို့နယ်မဲဆန္ဒနယ်အမှတ်( ၂ ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းမေးမြန်းသည့် မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေး စီမံဆောင်ရွက် ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။